# Ever Flow River Group Public Company Limited ၏

# စာရင်းဝင်အဖြစ်တင်သွင်းခြင်းဆိုင်ရာဖွင့်ပြဟကြေညာစာတမ်း

# နှင့်စပ်လျဉ်းသည့်

# နောက်ဆက်တွဲအစီအရင်ခံစာ

၂၀၂၀ ပြည့်နှစ်၊ မေလ ( ၁၅ ) ရက်

## ပါဝင်သည့်အကြောင်းအရာများ

(၁) လက်ရှိဖြစ်ပွားလျက်ရှိသည့် Corona Virus (COVID-19) ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းသည့် EFR ကုမ္ပဏီ၊ စီမံခန့်ခွဲမှုအဖွဲ့၏သဘောထား

(၂) ဆုံးရှုံးနိုင်ခြေရှိသည့်ကိစ္စရပ်များကို ထပ်မံဖြည့်စွက်ခြင်း၊

(၃) EFR ကုမ္ပဏီနှင့် လက်အောက်ခံကုမ္ပဏီများ၏လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊

(၄) EFR ကုမ္ပဏီ၏စီမံခန့်ခွဲမှုအဖွဲ့၏ အနာဂတ်ဆိုင်ရာကြိုတင်ပြင်ဆင်ထားရှိမှုများ၊

(၅) ရင်းနှီးမြှုပ်နှံသူများအနေဖြင့် သတိပြုသင့်သည်များ

## (၁) လက်ရှိဖြစ်ပွားလျက်ရှိသည့် Corona Virus (COVID-19) ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် EFR ကုမ္ပဏီစီမံခန့်ခွဲမှုအဖွဲ့၏သဘောထားအမြင်

ယခုအခါကမ္ဘာတစ်ဝှမ်းလုံး၌ဖြစ်ပွားလျက်ရှိသည့် Corona Virus (COVID-19) သည် ကပ်ရောဂါအသွင်သို့ ပြောင်းလဲသွားပြီး နိုင်ငံအားလုံးရှိစီးပွားရေးလုပ်ငန်းများစွာကို အနည်းနှင့်အများ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ရာ တစ်ကမ္ဘာလုံးရှိဘက်စုံထောက်ပံ့ပို့ဆောင်မှု (Supply Chain) တစ်ခုလုံးကိုလည်း ကာလအနည်းငယ် ပြတ်တောက်စေခဲ့ပါသည်။ EFR ကုမ္ပဏီသည် ဘက်စုံထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းနယ်ပယ်မှ ကုမ္ပဏီတစ်ခုဖြစ်သည်နှင့်အညီ နိုင်ငံတကာနှင့်ဆက်သွယ်လုပ်ကိုင်နေသော ကဏ္ဍအချို့ကို အချိန်ကာလအနည်းငယ်ရပ်တန့်ခဲ့ရပါသည်။ ပြည်တွင်းဘက်စုံထောက်ပံ့ပို့ဆောင်ရေးကဏ္ဍပိုင်းတွင်မူ ပိုမိုအားကောင်းလာခဲ့သည်ကိုတွေ့မြင်ရပါသည်။

EFR ကုမ္ပဏီ၏ စီမံခန့်ခွဲမှုအဖွဲ့ဝင်များသည် ဘက်စုံထောက်ပံ့ပို့ဆောင်ရေးကဏ္ဍတွင်နှစ်ပေါင်းများစွာအတွေ့အကြုံရှိပြီး အခက်အခဲများကိုလည်း အောင်မြင်အောင်ဆောင်ရွက်ခဲ့ကြပါသည်။ မိခင်ကုမ္ပဏီနှင့်လက်အောက်ခံကုမ္ပဏီများကို ဝန်ထမ်းပေါင်း ၅၀၀ နီးပါးဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး လက်ရှိအချိန်တွင် Corona Virus ကို ကြိုတင်ကာကွယ်သည့်အနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁ ရက်နေ့ကစ၍ Work From Home (WFH) စနစ်ဖြင့် နိုင်ငံတော်၏ အမိန့်၊ ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များနှင့်အညီ အဆင်ပြေချောမွေ့စွာလုပ်ဆောင်လျက်ရှိကြပါသည်။

EFR ကုမ္ပဏီ၏ စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် တင်ပြလိုသည်မှာ COVID-19 သည်စီးပွားရေးကဏ္ဍများစွာကို နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်စေလျက်ရှိပြီး ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍလည်းပါဝင်နိုင်ပါသည်။ သို့သော် COVID-19 ကာလအတွင်းတွင် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ၏ အရေးပါမှုကိုမျက်ဝါးထင်ထင်တွေ့မြင်ခဲ့ကြမည်ဟု ယုံကြည်မျှော်လင့်မိပါသည်။ အနာဂါတ်ကာလဖြစ်သော COVID-19 ကာလအလွန် လုပ်ငန်းနယ်ပယ်အားလုံး၌ စီးပွားရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ကြရမည့် အချိန်ကာလများတွင်လည်း ဘက်စုံထောက်ပံ့ပို့ဆောင်ရေးကဏ္ဍသည် ပို၍ပင်အရေးပါသည့် အခန်းကဏ္ဍတစ်ခု ဖြစ်လာမည်ဟု ယုံကြည်မိပါသည်။ ယင်းအား EFR ကုမ္ပဏီအနေဖြင့် အခွင့်အရေးတစ်ရပ်အနေဖြင့်ရှုမြင်ပြီး ၎င်းအခွင့်အရေးအားအမိအရဆုပ်ကိုင်၍ ပိုမိုတိုးတက်အောင်မြင်အောင် လုပ်ကိုင်ဆောင်ရွက်သွားမည် ဖြစ်သည်။

## (၂) ဆုံးရှုံးနိုင်ခြေရှိသည့်ကိစ္စရပ်များကို ထပ်မံဖြည့်စွက်ခြင်း

ကမ္ဘာတစ်ဝှမ်းပျံ့နှံ့လျက်ရှိသည့် Corona Virus (COVID-19) ၏ အကျိုးသက်ရောက်မှုသည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး၊ နိုင်ငံများစွာ၏ စီးပွားရေး၊ နိုင်ငံအချင်းချင်း၊ ဒေသအချင်းချင်းတို့၏ ဘက်စုံထောက်ပံ့ပို့ဆောင်ရေးကို ထိခိုက်စေသည့်အတွက် မိမိတို့ EFR ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီအချို့ကိုလည်း အထိုက်အလျောက် ကာလတိုဆုံးရှုံးနိုင်ခြေများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့သော်လည်း ကာလရှည်မှန်းမျှော်ကြည့်ပါက ဘက်စုံထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ၏ အရေးပါမှုကို တစ်ကမ္ဘာလုံးက လက်ခံထားသည်ကို တွေ့မြင်သိရှိနိုင်ပါသည်။

### (က) စီးပွားရေးမိတ်ဖက်များနှင့်စပ်လျဉ်း၍ ဆုံးရှုံးနိုင်ခြေရှိခြင်း

မိမိတို့ကုမ္ပဏီနှင့် တွဲဖက်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ပြည်တွင်း/ ပြည်ပလုပ်ငန်းနယ်ပယ်အသီးသီးရှိ လုပ်ငန်းများ၏ ထိခိုက်ဆုံးရှုံးမှုများသည် မိမိတို့ကုမ္ပဏီနှင့် လုပ်ငန်းတွဲဖက်လုပ်ကိုင်မှုများ၊ ဝင်ငွေများကို အထိုက်အလျောက်ရိုက်ခတ်စေနိုင်ပါသည်။ ယင်းတို့မှာ ရေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍ၊ လေကြောင်းဆိုင်ရာသယ်ယူပို့ဆောင်ရေးကဏ္ဍတို့ပဲ ဖြစ်ကြပါသည်။ သို့သော်လည်း ယင်းမှာ ကာလတိုမျှသာဖြစ်ပြီး လုပ်ငန်းလုပ်ဆောင်မှုပုံစံ ပြောင်းလဲကာ အရှိန်အဟုန်မြင့် ဆောင်ရွက်လာကြမည့် အနေအထားကို မြင်တွေ့ရပါသည်။

### (ခ) လုပ်ငန်းလုပ်ဆောင်မှုပုံစံပြောင်းလဲစေမှုကြောင့် ဆုံးရှုံးနိုင်ခြေရှိခြင်း

COVID-19 နှင့်အတူ ကုမ္ပဏီများ၏ စီးပွားရေးလုပ်ဆောင်မှုပုံစံများပြောင်းလဲခဲ့ရသည်။ ဝန်ထမ်းအင်အားများလျော့ချလုပ်ကိုင်ဆောင်ရွက်ရသည့်အတွက် ထုတ်လုပ်မှုစွမ်းအား (Productivity) ကို ကျဆင်းစေနိုင်ပါသည်။ နည်းပညာအကူအညီအထောက်အပံ့များဖြင့် လုပ်ငန်းလုပ်ဆောင်မှုများကို ပြန်လည်ပြင်ဆင်ဆောင်ရွက်မှုများကြောင့် ကုမ္ပဏီ၏ အသုံးစရိတ်ကို သိသိသာသာ မြင့်တက်စေနိုင်ပါသည်။ သို့သော်လည်း ယင်းနည်းပညာဆိုင်ရာ လုပ်ငန်းလုပ်ဆောင်မှုအစီအစဉ်များသည် ကုမ္ပဏီ၏ နောင် Stability Growth အတွက် အထောက်အပံ့ ဖြစ်စေပါသည်။ ထို့အပြင် ကုမ္ပဏီများစွာ၏ လုပ်ငန်းလုပ်ဆောင်မှုပုံသဏ္ဍာန်အသွင်အသစ်များကို အနာဂါတ်ကာလတွင် မြင်တွေ့နိုင်ပြီး မိမိတို့ EFR ကုမ္ပဏီလည်း ပါဝင်နိုင်ပါသည်။

### (ဂ) COVID-19 ကဲ့သို့သော ကပ်ရောဂါဆိုးများ ထပ်မံကြုံတွေ့နိုင်ခြင်းကြောင့် ဆုံးရှုံးနိုင်ခြေရှိခြင်း

COVID-19 သည် ကပ်ရောဂါအသွင်သို့ ကူးပြောင်းကာ တစ်ကမ္ဘာလုံး၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို ထိခိုက်ဆုံးရှုံးပျက်စီးစေခဲ့ပြီး ဘက်စုံထောက်ပံ့ပို့ဆောင်ရေးကွန်ယက်ကို ပြတ်တောက်စေခဲ့ပါသည်။ ထို့အပြင် အနာဂါတ်ကာလတွင်လည်း ထိုကဲ့သို့သော ဘေးအန္တရာယ်ကပ်ဆိုးများ ထပ်မံရင်ဆိုင်ကြုံတွေ့နိုင်ပါသည်။ ယင်းကပ်ဆိုးကြီးများသည် မိမိတို့ကုမ္ပဏီ၏ အစုရှယ်ယာဈေးနှုန်း၊ လုပ်ငန်းလုပ်ဆောင်မှု၊ အမြတ်အစွန်းရရှိအောင်စွမ်းဆောင်နိုင်မှုတို့ကို အနည်းနှင့်အများ ထိခိုက်စေနိုင်ပါသည်။ EFR ကုမ္ပဏီ၏ ဥက္ကဋ္ဌဖြစ်သူ ဦးကျော်လွင်ဦးသည် မြန်မာနိုင်ငံ၏ ဘက်စုံထောက်ပံ့ပို့ဆောင်ရေးကဏ္ဍတွင် ငယ်စဉ်ကပင် နှစ်ပေါင်းများစွာ နစ်မြုပ်လုပ်ကိုင်ဆောင်ရွက်ခဲ့သူဖြစ်ပြီး ယင်းကဲ့သို့သော ဖြစ်စဉ်/ ဖြစ်ရပ်များကို အောင်အောင်မြင်မြင် ကျော်ဖြတ်ခဲ့သည့် အတွေ့အကြုံကောင်းများစွာကို ပိုင်ဆိုင်ထားပါသည်။ ထို့အပြင် စီမံခန့်ခွဲမှုအဖွဲ့ဝင်များသည်လည်း အတွေ့အကြုံများစွာရှိသည်ကို COVID-19 ကာလအတွင်း ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရန် စီမံခန့်ခွဲလုပ်ဆောင်မှုများမှကပင် တွေ့မြင်သိရှိစေနိုင်ပါသည်။

## (၃) EFR ကုမ္ပဏီနှင့် လက်အောက်ခံကုမ္ပဏီများ၏ လက်ရှိလုပ်ငန်းလုပ်ဆောင်နေမှု အခြေအနေများ

### (က) မိခင်ကုမ္ပဏီ၏အခြေအနေ

လက်ရှိမိခင်ကုမ္ပဏီအနေနှင့် လုပ်ငန်းလုပ်ဆောင်မှုကိုလျှော့ချပြီး အုပ်ချုပ်မှုလုပ်ငန်းများကို အဝေးထိန်းစနစ်ဖြင့် ကွပ်ကဲလုပ်ဆောင်လျက်ရှိပြီး နေ့စဉ်လုပ်ငန်းဆောင်ရွက်မှုများကို Online မှတဆင့် သတင်းပေးပို့ခြင်းစနစ်ဖြင့် ကျင့်သုံးဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် (၄.၅.၂၀၂၀) ရက်နေ့ကစတင်ပြီး ဒါရိုက်တာများအနေဖြင့် နေ့စဉ်ရုံးတက်၍ လုပ်ငန်းတာဝန်များပြန်လည်ထမ်းဆောင်လျက်ရှိပြီး ဝန်ထမ်းများအနေဖြင့် (၁၈.၅.၂၀၂၀) ရက်နေ့ကစတင်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့၏ လမ်းညွှန်ချက်၊ ခွင့်ပြုချက်များ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များ၊ (Covid-19) ကာကွယ်ထိမ်းချုပ်ရေးနှင့်ပတ်သက်၍ စက်ရုံ/ အလုပ်ရုံ၊ အလုပ်ဌာနများ လုပ်ငန်းခွင်များသို့ လမ်းညွှန်ချက် (Version3.0) ပါ အချက်များအား တိတိကျကျ

လိုက်နာကျင့်သုံးပြီး ကုမ္ပဏီ၏ လုပ်ငန်းတာဝန်များကို အပြည့်အဝ ပြန်လည်ဆောင်ရွက်နိုင် တော့မည် ဖြစ်ပါသည်။

### (ခ) လက်အောက်ခံကုမ္ပဏီများ၏အခြေအနေ

EFR ကုမ္ပဏီအနေနှင့် လက်ရှိဆောင်ရွက်လျက်ရှိသော မဟာဗျူဟာမြောက်စီမံကိန်း (၂) ခုရှိပြီး **Mandalay Distribution Center** စီမံကိန်းအနေနှင့်၂၀၁၉ ခုနှစ်၊မေလ ၂၁ ရက်တွင်ကုန်လှောင်ရုံအမှတ်(၁)၊ နိုဝင်ဘာလ ၃ ရက်၊ ၂၀၁၉ ခုနှစ်တွင် Container Yard ဆောက်လုပ်ခြင်းများပြီးစီးဆောင်ရွက်နိုင်ခဲ့ပြီး လုပ်ငန်းစတင်လည်ပတ်လျက်ရှိပါသည်။ အအေးခန်းပါကုန်တင်ယာဥ်များကိုလည်း ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလမှစတင်ခဲ့သော်လည်း ယခုအချိန်တွင် COVID-19 ကာလအခြေအနေများကြောင့် လုပ်ငန်းလုပ်ဆောင်နိုင်မှုမှာ အနည်းငယ်သာရှိသေးသည်။ ထို့အပြင် Driving Way ဆောက်လုပ်ခြင်းမှာလည်း ၃၀ ရာခိုင်နှုန်း ခန့်သာပြီးစီးပြီး ကျန် ၇၀ ရာခိုင်နှုန်းမှာ COVID-19 ကာလအခြေအနေများကြောင့် ခေတ္တရပ်ဆိုင်းထားခဲ့ရသည်။ သို့သော်လည်း ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၅ ရက်နေ့နောက်ပိုင်းတွင်ပြန်လည်စတင်နိုင်ရန် ပြင်ဆင်လျက်ရှိပြီး ဇွန်လအလယ်လောက်တွင် ဆောက်လုပ်ပြီးစီးမည်ဟုခန့်မှန်းရပါသည်။

**Hlaing Inland Terminal and Logistics Center စီမံကိန်း** အနေဖြင့် လက်ရှိဆောက်လုပ်ရေး ကာလတွင် လုပ်ငန်းများစတင်လည်ပတ်မည့်အချိန်အတွက် အဆင်ပြေချောမွေ့စေရန် ရန်ကုန်မြို့ အနောက်ဘက်ခြမ်းရှိ စက်မှုဇုံများသို့ **Project Introduction** နှင့် **Service Introduction** ဆိုင်ရာကိစ္စရပ်များ သင်္ဘောလိုင်း (Shipping Line) များ ၊ **International and Local Freight Forwarders** များနှင့် တွေ့ဆုံ၍ ပူးပေါင်းလုပ်ဆောင်နိုင်မည့်လုပ်ငန်းများကို ဆွေးနွေးခြင်းများ ၊ Exporter/ Importers Customersကြီး များနှင့်တွေ့ဆုံ၍ Project ကြောင့်ရရှိလာမည့်အကျိုးကျေးဇူးများကိုရှင်းလင်းပြောကြားခြင်း၊ သက်ဆိုင်ရာ အစိုးရအဖွဲ့စည်းများနှင့် ဆွေးနွေးတိုင်ပင်ခြင်းများ သိုလှောင်ရုံလိုအပ်မည့် Customer များအတွက်တွေ့ဆုံညှိနှိုင်း၍ဆောင်ရွက်ပေးခြင်းများလုပ်ဆောင်လျက်ရှိပါသည်။ ဆက်လက်ဆောင်ရွက်မည့်တည် ဆောက်ရေးလုပ်ငန်းများမှာ Phase-1 အတွက်လိုအပ်သော Transformer လျှောက်ထားခြင်း၊ Phase-1 အတွက် မြေကြိတ်မြေသိပ်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ Warehouse ငှားရမ်းရန်အတွက် 3PL Logistic provider များနှင့် ညှိနှိုင်းဆောက်ရွက်လျှက်ရှိခြင်း၊ Container Yard မြေသိပ်ခြင်းလုပ်ငန်းများ (Soil Compaction)၊ Jetty ဆောက်လုပ်ရေးအတွက် လိုအပ်သည်များကို ပြင်ဆင်ခြင်း၊ CFS Warehouse Phase-1

တည်ဆောက်ခြင်း၊ Security Gate House ဆောက်လုပ်ရေးအတွက် လိုအပ်သည်များကို ပြင်ဆင်ခြင်း၊ M&E လုပ်ငန်းများအတွက်လိုအပ်သည်များကို ပြင်ဆင်ခြင်းတို့ ဖြစ်ပါသည်။ ပထမအဆင့် အပြီးသတ်တည်ဆောက်မှုများအား ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် ပြီးစီးမည်ဖြစ်ပြီး အောက်တိုဘာလတွင် စတင်လုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။

## (၄) EFR ကုမ္ပဏီစီမံခန့်ခွဲမှုအဖွဲ့၏ အနာဂတ်ဆိုင်ရာကြိုတင်ပြင်ဆင်ထားရှိမှုများ

EFR ကုမ္ပဏီ၏ စီမံခန့်ခွဲမှုအနေဖြင့် လက်ရှိဖြစ်ပွားလျက်ရှိသည့် COVID-19 ကို အခွင့်အလမ်းတစ်ရပ်အနေဖြင့်မှတ်ယူ၍ ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခဲ့သည့်အတွက် နစ်နာဆုံးရှုံးမှုသည်သိသိသာသာ လျော့နည်းခဲ့ပါသည်။ သို့သော် မိမိတို့ကုမ္ပဏီအနေနှင့် အနာဂတ်ကြိုတင်ပြင်ဆင်ထားရန် လိုအပ်သည်များကို သိရှိနားလည်ထားပြီး လိုအပ်သည့်လုပ်ငန်းစည်းမျဉ်းများ ဖြည့်စွက်ရေးဆွဲခြင်း၊ လုပ်ငန်းလုပ်ဆောင်မှုပုံစံများပြောင်းလဲခြင်း၊ နည်းပညာဆိုင်ရာအထောက်အပံ့များဖြည့်တင်းခြင်း၊ ဝန်ထမ်းများကို လေ့ကျင့်သင်ကြားစေခြင်း အစရှိသည်တို့ကို Grow Through Policy ဖြင့် ဆက်လက်စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ရင်းနှီးမြှုပ်နှံသူများအနေနှင့် ကုမ္ပဏီမှ မကြာခင်ထုတ်ပြန်မည့် နှစ်ဝက်ဘဏ္ဍာရေးအစီရင်ခံစာများ (Interim Reports)၊ စီမံခန့်ခွဲမှုအဖွဲ့၏ လေ့လာသုံးသပ်မှုများ (Management Discussion and Analysis) ပါ ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များနှင့် လုပ်ငန်းလုပ်ဆောင်မှုများကို နှိုင်းယှဉ်၍ ဖတ်ရှုလေ့လာနိုင်ပါသည်။

## (၅) ရင်းနှီးမြှုပ်နှံသူများအနေဖြင့်သတိပြုသင့်သည်များ

EFR အဖွဲ့၏ စီမံခန့်ခွဲမှုအနေဖြင့် အသိပေးလိုသည်မှာ ကုမ္ပဏီ၏အစုရှယ်ယာများကို ဝယ်ယူရင်းနှီးမြှုပ်နှံကြမည့် အများပြည်သူ၊ ရင်းနှီးမြှုပ်နှံသူများအနေနှင့် အထက်ဖော်ပြပါအချက်အလက်များ၊ လုပ်ငန်းလုပ်ဆောင်မှုအခြေအနေများ၊ ဆုံးရှုံးနိုင်ခြေရှိမှုအခြေအနေများကို စာရင်းဝင်အဖြစ်တင်သွင်းခြင်းဆိုင်ရာ ဖွင့်ဟကြေငြာစာတမ်း (Disclosure Document For Listing) နှင့်အတူ သေချာဖတ်ရှု လေ့လာပြီးမှသော်လည်းကောင်း၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများနှင့် တိုင်ပင်ဆွေးနွေးပြီးမှသော်လည်းကောင်း၊ အစုရှယ်ယာဈေးကွက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးပြီးမှသော်လည်းကောင်း ဝယ်ယူရင်းနှီး

မြှုပ်နှံကြစေလိုပါသည်။ သို့မှသာ အများပြည်သူ၊ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဆုံးရှုံးနိုင်ခြေနည်းပါးစေနိုင်မည်ဖြစ်ပါသည်။ EFR ကုမ္ပဏီသည် ယင်း COVID-19 အခက်အခဲအား အခွင့်အရေး တစ်ရပ်အနေဖြင့် Grow Through Policy ဖြင့် ဆက်လက်ချီတက်လုပ်ကိုင်ဆောင်ရွက်ကာ မိမိတို့၏ လုပ်ငန်းအောင်မြင်မှုများအား ဆက်လက်တိုးတက်အောင်မြင်အောင် ထိန်းသိမ်းလုပ်ဆောင်သွားမည်ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

မောင်မောင်ဦး

ဒုတိယဥက္ကဋ္ဌ